# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၄)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ၁၃-၁၂-၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

# ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန် မိမိတို့ စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်

## မိမိတို့တာဝန်ကျသည့် စစ်မြေပြင်နှင့် လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစား

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ သို့ ✰

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်**

နေပြည်တော် ဒီဇင်ဘာ ၁၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီးကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

## ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင် ကြိုးစားရမည်

ပညာဟူသည် ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ပင်ဖြစ်သည်။ ပညာ၏ တန်ဖိုးကို မန်လည်ဆရာတော်က မာဃဒေဝပျို့တွင်"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွမ်း၏"ဟု မိန့်ကြားခဲ့သည်။ ထို့ကြောင့် လောကတွင် ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင်ကြိုးစားရမည် ဖြစ်သည်။

"ပညာသည်သာ၊ အရာရာ၊လိုရာအောင်ကြောင်းမှတ်" ဆိုသကဲ့သို့ လောကတွင် တွေ့ကြုံရမည့် အခက်အခဲမှန်သမျှကို ပညာဉာဏ်ဖြင့် ဖြေရှင်းကျော်လွှားနိုင်မည်လည်းဖြစ်သည်။ ပညာဉာဏ်ကင်းသော လူသားတို့၏ဘဝသည်လည်း "ရေမရှိသော ကြာကဲ့သို့" ခြောက်သွေ့နိုင်ပေသည်။ ထို့ကြောင့် မိမိဘဝတစ်လျှောက်လုံး ဖြောင့်ဖြူးသာယာစေရန်"ပညာသင်ခါ မရှက်ရာ"ဆိုသကဲ့သို့ ရှက်ကြောက်ခြင်းကင်းမဲ့စွာဖြင့် ပညာကိုသင်ယူကြရမည်ဖြစ်သည်။

လောကတွင် စည်းစိမ်ဥစ္စာရတနာတို့သည် ရန်သူမျိုးငါးပါး ဖျက်ဆီးပါက ပျက်စီးနိုင်သော်လည်း ရွှေအိုးနှင့်တူသောပညာမှာ သုံးစွဲ၍ မကုန်နိုင်သကဲ့သို့ နောက်ယှက်ဖျက်ဆီး၍ မရနိုင်ပါ။ တစ်ဖန် ပညာနှင့်ပတ်သက်၍ အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရက "သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး။ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့"ဟူ၍ ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်တက်တောင်ခြင်း"များဖြင့် အရက်၊ အကြောက်တရားကို ပယ်ဖျောက်၍ လေ့လာသင်ယူဆည်းပူးသင့်ကြောင်း ပညာသင်ယူရာတွင် လိုက်နာရမည့်အချက်များကို လမ်းညွှန်ဆုံးမခဲ့ပါသည်။

လောကတွင် အရွယ်သုံးပါးရှိပြီး"ပထမအရွယ်တွင် ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားရှာ"ဟူ၍ ပညာရှိတို့က သတ်မှတ်ထားသည်။ ထို့ပြင် ပျင်းရိသောသူသည် အတတ်ပညာမရနိုင်၊ အတတ်ပညာမရှိသူသည် ဥစ္စာမရနိုင်၊ ဥစ္စာမရှိသူသည် မိတ်ဆွေမရနိုင်၊ မိတ်ဆွေမရှိသူသည် ချမ်းသာသုခမရနိုင်၊ ချမ်းသာသုခမရှိသူသည် ကုသိုလ်မရနိုင်၊ ကုသိုလ်မရှိသူသည် နိဗ္ဗာန်မရနိုင် စသည်တို့သည် ဒွန်တွဲလျက်ရှိသည်။

ငယ်ရွယ်စဉ်အခါ ပညာသင်ယူခွင့်ရပါလျက် မသင်ယူဘဲ ပျော်ပါးပေါ့တန်စွာနေသောသူသည် လူဘုံအလယ်တွင် စကားမပြောနိုင်ဘဲ နှုတ်ဆိတ်နေရလိမ့်မည်ဟု အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက မိန့်ဆိုခဲ့ဘူးသည်။ ဤသည်မှာ"ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်က မသင်ပျော်ပါးလွင်မူ၊ အကြင်သူအား၊ စကားချေတင်သဘင်မပြုံ့ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၏"ဟု ကိုခန်းပျို့တွင် ထောက်ပြထားသည်။

သို့ဖြစ်ရာ ပညာဉာဏ်ပြည့်ဝလျှင် စိတ်နှလုံးသားလှ၍ လောကအလယ်တွင် အောင်မြင်မှုအထွေထွေကို ရယူပိုင်ဆိုင်နိုင်မည်။ ထို့ကြောင့် ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင် ငယ်ရွယ်စဉ်ကပင် အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစားသင်ယူသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှူးကြီးမှူး၍ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကြက်တောင်ရိုက်အားကစားကွင်းတွင် အကြိုဗိုလ်လုပွဲများကို ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ကြက်တောင်ရိုက် အားကစားပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲပွဲစဉ်(၄)ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်(၄)ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်(၈)ပွဲ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ (ဓါတ်ပုံ)

ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို ၁၃-၁၂-၂၀၂၄ ရက် နံနက်ပိုင်းတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ တတိယ၊ ဒုတိယနှင့် ပထမနေရာများ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မကွေးမြို့တွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်လှစ်

**မကွေး ဒီဇင်ဘာ ၁၂**

မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှုဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က အမှာစကားပြောကြားရာတွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းကို မီးသတ်တပ်ဖွဲ့ဝင်များ အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန်၊ တပ်ဖွဲ့အတွင်း Men Power၊ Equipment Powerများ တိုးတက်လာသည်နှင့်အညီ Technology Power ကိုပါ ဟန်ချက်ညီညီ စဉ်ဆက်မပြတ်တိုးတက်လာပြီး ဌာန၏ ရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူရရှိနိုင်စေရန်နှင့် တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေစေရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ခေတ်မီမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းအား မကွေးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူ (၂၁)ဦးအား သင်တန်းနည်းပြများက (၁)ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ကို(ဖန်ခါးမြေ)**





## ဆင်းသုခ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကစပါးတင်းအစို (၇၈ ဒသမ ၁၀)တင်း ထွက်ရှိ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကိုင်းကျေးရွာအုပ်စုတွင် မြို့နယ်မြေစာရင်းဦးစီးဌာနက ဦးဆောင်ပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၂၂၆၈)တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ကိုင်းကျေးရွာအုပ်စု ကိုင်းကျေးရွာရှိ ကွင်းအမှတ်(၂၂၆၈) တောင်သူ ဒေါ်နီနီအောင်၏ လယ်မြေတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ဆင်းသုခ စံကွက်ရိတ်သိမ်းရာ တစ်ဧကစပါးတင်းအစို(၇၈ ဒသမ ၁၀) တင်းထွက်ရှိကြောင်းသိရပြီး၊ စပါးအခြောက်အနေဖြင့် (၇၇ ဒသမ ၆၀)တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ညောင်ဦးခရိုင်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်နှင့် ဝန်ထမ်းများ၊ ကိုင်းကျေးရွာအုပ်စုမှ တောင်သူ (၂၀)ဦး တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၅၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယနိုင်ငံကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

## ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀ ဗိုလ်လောင်း ဖြိုးကိုကို၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၃၄ ဗိုလ်လောင်း သန်းထိုက်အောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃ ဗိုလ်လောင်း အောင်ဖြိုးခိုင် တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်၏ အားထားရသည့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ခေတ်အဆက်ဆက် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်း/တပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကဏ္ဍများမှာ စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခဲ့သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်သားအင်ဂျင်နီယာ ပညာရှင်များက ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀ ဗိုလ်လောင်း ဖြိုးကိုကိုအား ဆုပေးအပ်ချီးမြှင့်စဉ်။

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော်နည်းပညာတက္ကသိုလ်မှ သင်ပေးလိုက်သည့် အခြေခံအင်ဂျင်နီယာပညာရပ်များသည် တူညီမှုရှိသည့်အတွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာအရာရှိကောင်းများအဖြစ် ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် အခြေခံကျင့်ဝတ်၊ စည်းမျဉ်းများကိုလိုက်နာသွားကြရမည်ဖြစ်ကြောင်း။

## မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိ

အရည်အချင်းရှိသော အင်ဂျင်နီယာအရာရှိများ မွေးထုတ်ပေးရန်အတွက် အရည်အသွေး အာမခံမှုရှိရမည်ဖြစ်သဖြင့် အင်ဂျင်နီယာပညာရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အရည်အသွေးစိစစ်အသိအမှတ်ပြုမှု (Accreditation)စဉ်ဆက်မပြတ်ရရှိရေး မျက်ခြည်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အင်ဂျင်နီယာ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော ကောင်းမွန်သည့် စံနှုန်းများ၊ Guideline များနှင့် အညီ အရည်အသွေးအာမခံမှု (Quality Assurance)ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ တပ်မတော်၏ အင်ဂျင်နီယာစွမ်းပကားသည် နိုင်ငံတော်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»

»» စာမျက်နှာ ၃ မှ

အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy)ရှိရန်လိုအပ်ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာနည်းပညာဖြင့် သော်လည်းကောင်း၊ အင်ဂျင်နီယာများမှ သော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့ အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လိုအပ်ပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့် သက်ဆိုင်သည်များကို အမြဲမပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

### နည်းပညာ၏ အခန်းကဏ္ဍ အလွန်အရေးပါ

ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်ရင် အဆင့်မြင့်နည်းပညာများကို အသုံးပြုပြီး အီလက်ထရောနစ်စစ်ဆင်ရေးနှင့် သတင်းအချက်အလက်စစ်ဆင်ရေးများကို ထိရောက်စွာ ပုံဖော်တိုက်ခိုက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်အတွက် မိမိတို့စဉ်ဆက်မပြတ်လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး မိမိတို့ တာဝန်ကျသည့် စစ်မြေပြင်နှင့် လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence - AI) ကို ပိုမိုအသုံးပြုလာကြသဖြင့် ဉာဏ်ရည်တုနည်းပညာနှင့် ပတ်သက်၍ လေ့လာသုတေသနပြုမှုနှင့် စမ်းသပ်တီထွင်ထုတ်လုပ်မှုများကိုလည်း အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် မျက်မှောက်ခေတ်စစ်မြေပြင်သည် သတင်းအချက်အလက်နည်းပညာ(Information Technology)ကို

☆ **အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy)ရှိရန်လိုအပ်ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာနည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှ သော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်**

☆ **မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရမည်**

အခြေခံပြီး Digitalized Battle Field အသွင်ဆောင်လာနေခြင်းကြောင့် သတင်းအချက်အလက်နည်းပညာများကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားရန် မှာကြားလိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး တိုက်ပွဲဝင်အသင့်(Fit For Fight)ဖြစ်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန်လည်း မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၃၄ ဗိုလ်လောင်း သန်းထိုက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃ ဗိုလ်လောင်း အောင်ဖြိုးနိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်သတင်းများကို သိလျှင်သိချင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်သွားရောက် ကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အား အစွမ်းကုန်သုံးပြီး သဘာဝဘေးသင့်ဒေသများ မူလအခြေအနေ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၄ မှ

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တာဝန်သိသိဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် တစ်နည်းအားဖြင့် အင်ဂျင်နီယာ စွမ်းပကားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ထားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလများတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief–HADR)လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

**မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲ**

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် အဆင့်မြင့်နည်းပညာများကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသုတေသနပြုတီထွင်နေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါပင်ကိုဗီဇဟု ယခင်က သတ်မှတ်ကြသော်လည်း ယခုအခါတွင် ခေါင်းဆောင်မှုအရည်အချင်းသည် လေ့ကျင့်ယူနိုင်သည့် အရည်အသွေးအဖြစ် သတ်မှတ်လာကြပြီဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန်လိုအပ်ပြီး မိမိဦးဆောင်သည့်အဖွဲ့အစည်း၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်သာချောင်ချိမှု၊ အုပ်ချုပ်မှုကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲသွားကြရန် အလေးထားမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်အစဉ် ထက်မြက်နေရန် လိုကြောင်း၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေမှသာ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

**စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့်ကာကွယ်ရေးနှင့် စွမ်းအားရှိသည့် ကာကွယ်ရေးနှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုအပ်**သကဲ့သို့ စွမ်းအားရှိရန်အတွက် လက်နက်၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ အားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုအပ်ကြောင်း။

အုပ်ချုပ်မှုစွမ်းရည် ကောင်းမွန်စေရန်အတွက်လည်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်အောင် လေ့လာသွားကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူထားသည့် တပ်ဖွဲ့များကို အုပ်ချုပ်မှုညီညွတ်မှုတစေရန်နှင့် သက်သာချောင်ချိရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ စည်းရုံးရေးစွမ်းရည် ကောင်းမွန်စေရန်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိအောင် မိမိတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များကို တစည်းတလုံးတည်း ဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အရည်အသွေးရှိသည့် အင်ဂျင်နီယာပညာရေးစနစ်ဖြင့် သင်ကြားလေ့ကျင့်ခဲ့မှုများကို အခြေခံပြီး မိမိတို့ဘဝတစ်လျှောက်လုံး အစဉ်တိုးတက်မှုရှိအောင် စဉ်ဆက်မပြတ် ဆက်လက်လေ့လာ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မျက်မှောက်ကာလ နည်းပညာတိုးတက်မှုများကိုအသုံးချပြီး နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာ သုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စည်းကမ်းကျင့်ဝတ်အရာမှာ စံနမူနာပြအဖြစ် ကျင့်ကြံပြီး မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သည့် အင်ဂျင်နီယာ အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဥက္ကချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သင်တန်းကာလ ခြောက်နှစ်တာ ကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာသင်ကြားမှုအပိုင်းတို့တွင် ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို စောင့်ထိန်းမှုတို့ကြောင့်ရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုများပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်တောင်သူများဖြစ်ကြသည်ကို တွေ့ရှိရပြီး ငယ်စဉ်ကလေးဘဝမှစ၍ ယခုအချိန်အထိ ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ပေးခဲ့ရမည်ဖြစ်ကြောင်း၊ မိဘ၊ ဆရာများ၏ ဆိုဆုံးမမှု၊ သင်ကြားမှုအောက်တွင် ကောင်းမွန်စွာ ကြီးပြင်းလာခဲ့ပြီး မိမိကိုယ်ကိုထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံ စိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာပေပညာအပြင် အတတ်ပညာကိုပါ သင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့်ပညာရပ်များကိုသင်ယူခဲ့ရသည် ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာသည် အလွန်လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သည့် လေ့လာမှု၊ သုတေသနပြုမှု၊ ကြိုးစားအားထုတ်မှုများဖြင့် ခေတ်ကို မျက်ခြည်မပြတ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ကျေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်သကဲ့သို့ တပ်မတော်အပေါ်တွင်လည်း ကျေးဇူးသစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပပျောက်စေရေးအတွက် စစ်သားကောင်းတစ်ယောက်ပီသစွာဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိသားစု၊ တပ်မတော်နှင့်နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❖ **စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့်ကာကွယ်ရေးနှင့် စွမ်းအားရှိသည့်ကာကွယ်ရေး နှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန် လိုအပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်ပေးထားမှုအခြေအနေများနှင့် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ သို့



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သူတစ်ဦးအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေအား မေးမြန်းပြီး အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်တစ်ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ယုဇနမြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ချယ်ရီမြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၆ မှ

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက်ကုသမှုခံယူလျက် ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက် ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၏ဇနီး ဒေါ်ကြူကြူလှသည်လည်း အဖွဲ့ဝင်များလိုက်ပါ၍ သားဖွား မီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက် ကုသလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များ ကို တစ်ဦးချင်းရင်းနှီးနွေးထွေး စွာဖြင့် လိုက်လံအားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်း များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှေးဟောင်း တပ်မတော်ဧည့်ရိပ် သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့သို့ ရောက်ရှိကြပြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ် ရေးဦးစီးချုပ်က ရှေးဟောင်း အဆောက်အအုံများ ဖြစ်သည့် အတွက် မူလပုံစံမပျက် စနစ် တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အခြေအနေများ၊ ထိန်းသိမ်းမှု ဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန် လိုအပ် သည့် ပရိဘောဂများနှင့် အခြား အသုံးအဆောင် ပစ္စည်းများကို ရှေးဟောင်းလက်ရာ ပစ္စည်းများ ကိုသာ အတတ်နိုင်ဆုံး ရှာဖွေ ထည့်သွင်းသုံးစွဲရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားပြီး ဧည့်ရိပ်သာများ၏ အတွင်းပိုင်း နှင့် အပြင်ပတ်ဝန်းကျင်ထိန်းသိမ်း ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် ပြင်ဦးလွင်မြို့ရှိ အခြားရှေးဟောင်း အဆောက်အအုံများကိုလည်း စနစ် တကျ ထိန်းသိမ်းစောင့်ရှောက် နိုင်ရေး ဆောင်ရွက်သွားရန် အတွက်တာဝန်ရှိသူများအား လိုအပ် သည်များ လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ သဇင်မြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



## တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်း အုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက် ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာ ရှိကြီးများနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ၌ ကျောက်ကပ် အစားထိုးရန်လိုအပ်သော ကျောက်ကပ်ရောဂါလူနာ အတွက် ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုကို ယမန်နေ့က ဆောင်ရွက်နိုင်ခဲ့သည်။

**အားပေးစကားပြောကြား**

ထိုသို့ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် တို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက် ပိုင်းက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြား ပြီး ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာ ရေးဝန်ထမ်းများကို လိုအပ်သည်များ မှာကြား သည်။



ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက် ခဲ့သော လူနာသည် ပျဉ်းမနားမြို့နယ်တွင် နေထိုင် သည့် ပြည်သူတစ်ဦးဖြစ်ပြီး ကျောက်ကပ်ကို ၎င်း၏ ဖခင်က လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ ဘာသာ ရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ဆေးရုံအထူးကြပ်မတ်ကုသဌာန၌ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူနာနှင့် ကျောက်ကပ်အလှူရှင် နှစ်ဦးစလုံး ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန် မြို့ရှိ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် လစဉ် ပုံမှန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုအခါ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌လည်း ပုံမှန် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကျန်းမာရေး ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျောက်ကပ်ရောဂါလူနာကို ခွဲစိတ်ကုသခဲ့ရာတွင် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်း အဖွဲ့ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်- ၅၀၀)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာလမင်းဝင်း၊ နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ဝင်းတို့က ဦးဆောင်၍ လည်းကောင်း။

ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ဝင်းဝင်းလှိုင်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာ ရည်ရည်ခိုင်တို့က ဦးဆောင်၍လည်းကောင်း၊ နှလုံး နှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော်၊ မန္တလေးပြည်သူ့ ဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာ သတိုး သိန်းဇံနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)မှ ပါရဂူ ဒုတိယဗိုလ်မှူးကြီးကျော်သူရ၊ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေဌေးတို့က ဦးဆောင်၍ လည်းကောင်း။

မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာ နုနုမေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာ ကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင် ဆွေတို့က ဦးဆောင်၍လည်းကောင်း၊ ရောဂါရှာဖွေ ရေးလုပ်ငန်းအဖွဲ့နှင့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (ရောဂါဗေဒ) ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက် ပါမောက္ခ(အဏုဇီဝ) ဒေါက်တာ ခိုင်ဝင်းထွန်းနှင့် အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမိမိခိုင် တို့က ဦးဆောင်၍လည်းကောင်း၊ ဓာတ်မှန်ပညာ ဆိုင်ရာလုပ်ငန်းအဖွဲ့ကို နေပြည်တော်ပြည်သူ့ဆေးရုံ ကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာခိုင်ရွှေဝါ နှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာသဇင်သန်းတို့က ဦးဆောင်၍ လည်းကောင်း ခွဲစိတ်ကုသပေးခဲ့ကြသည်။

ထို့အတူ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ရဲမြင့် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့ နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြု အုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကျွမ်းကျင် သူနာပြုဆရာမကြီးဖြစ်သော ဒေါ်ကေသီနွယ် ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်း များနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

## ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆု ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် ဒေါ်သန်းသန်းက အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အမှုဆောင် ဒေါ်ဂျနီဖာတင်လေးက အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ရန်ကုန်တိုင်း ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထက်ထက်အောင်က အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က စာမျက်နှာ ၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

○ စာမျက်နှာ ၈ မှ

အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

**တက်ရောက်ကြည့်ရှုအားပေး**

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား အမျိုးသမီး အသက် ၂၀ အောက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာငွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာငွေးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒို ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံအဖွဲ့ဝင် ဦးမျိုးချစ်က အမျိုးသား၊ အမျိုးသမီးအတွဲလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင် (Mascot) အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)နှင့် မော်တော်ယာဉ်နည်းပညာသုတေသန(ပြင်ဦးလွင်) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်) နှင့် မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီးနှင့် ဌာနတာဝန်ခံတို့က ကျောင်းဆိုင်ရာအချက်အလက်များ၊ သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆောင်ရွက်နေမှုများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးဆုံးကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်နှင့် ကျင့်ဝတ်များ လေးစားလိုက်နာသော နိုင်ငံသားကောင်းများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်) နှင့် မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)ရှိ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၌ နေရောင်ခြည်စွမ်းအင်ဓာတ်အားသိုလှောင်မှု စတင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

အမေရိကန်ပြည်ထောင်စုတွင် မီးခိုးငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရန် အစိမ်းရောင်စွမ်းအင်တိုးမြှင့်ထုတ်လုပ်ရေးကို ယခုနောက်ပိုင်းတွင် အာရုံစိုက်လုပ်ဆောင်လာကြသည်။



နေရောင်ခြည်စွမ်းအင်ကို နေအိမ်များ၊ ရုံးများတွင် လျှပ်စစ်ဓာတ်အားအဖြစ် တိုက်ရိုက်ပြောင်းလဲထုတ်ယူသုံးစွဲလျက်ရှိကြရာမှ နေရောင်ခြည်မရရှိသော လျှပ်စစ်ဓာတ်အား များများစုဆောင်းသိုလှောင်ထားသောစနစ်ကို အထူးပြုအကောင်အထည်ဖော်လာကြသည်။

ကာလီဖိုးနီးယားပြည်နယ် မိုဂျေ့ဗ်ဒေသတွင် ထိုစနစ်ကိုသုံးပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့်စီမံကိန်းစတင်လည်ပတ်နေပြီဖြစ်ကြောင်း အီလက်ထရက်ဝက်ဘ်ဆိုက်က ဖော်ပြသည်။

အီလန်းဟု အမည်ရသည့်စီမံကိန်း၏ပထမပိုင်း စတင်နေခြင်းဖြစ်ပြီး နေစွမ်းအင်ပြားများမှ ဓာတ်အား ၃၈၄ မဂ္ဂါဘိုက်ထုတ်လုပ်ပြီး ဘက်ထရီများထဲ၌ ၁၅၀ မဂ္ဂါဝပ်မှ ၆၀၀ မဂ္ဂါဝပ်အထိ သိုလှောင်ထားသည်ဟု အရေဗ့်စွမ်းအင်ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ထိုစီမံကိန်း၏ ဒုတိယပိုင်းကို လာမည့် ၂၀၂၅ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀






# နောက်ဆုံးအချိန်အထိ လက်လျှော့မည်မဟုတ်ဟု တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ပြောကြား

**ဆိုးလ် ဒီဇင်ဘာ ၁၂**

လက်ရှိဖြစ်ပေါ်နေသော အတိုက်အခံနိုင်ငံရေးအင်အားစုဝင်များ၏ ဖိအားပေးမှုနှင့်ပတ်သက်၍ မိမိအနေဖြင့် နောက်ဆုံးအချိန်အထိ လက်လျှော့မည်မဟုတ်ဟု ဒီဇင်ဘာ ၁၂ ရက်က တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အတိုက်အခံနိုင်ငံရေးပါတီများက ၎င်းကို စွပ်စွဲပြစ်တင်ရန် ဒုတိယအကြိမ် ကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် သမ္မတယွန်းမိန့်ခွန်းပြောရာတွင် ထိုသို့ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

၎င်း၏ အပြုအမူက နိုင်ငံတော်ကို ပုန်ကန်ရာရောက်စေသည်ဟု အတိုက်အခံနိုင်ငံရေးခေါင်းဆောင်အချို့က စွပ်စွဲကာ ပါလီမန်၌ ဒုတိယအကြိမ် စွပ်စွဲပြစ်တင်ရန် အားထုတ်ခဲ့ကြခြင်းဖြစ်သည်။

အတိုက်အခံအင်အားစုဝင်များဘက်ကသာလျှင် ပါလီမန်ကို လွှမ်းမိုးချုပ်ကိုင်ပြီး ဒီမိုကရေစီကို ပျက်ပြားအောင် ကြံဆောင်ခဲ့ကြခြင်းဖြစ်သည်ဟု ယွန်းက စွပ်စွဲခဲ့ကြောင်း သိရသည်။ **Mon**

# နယ်စည်းမခြား နိုင်ငံအစုအဝေးအတွင်းသို့ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားကို ဝင်ခွင့်ပြု

**ဘူဒါပက်စ် ဒီဇင်ဘာ ၁၂**

နယ်စည်းမခြား နိုင်ငံအစုအဝေးအတွင်းသို့ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားကို ဥရောပသမဂ္ဂက ဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ ခွင့်ပြုလိုက်ခြင်းသည် မိမိတို့နိုင်ငံအတွက် သမိုင်းဝင်ကိစ္စဖြစ်ကြောင်း ဟန်ဂေရီပြည်ထဲရေးဝန်ကြီးက မှတ်ချက်ချသည်။

ရိုမေးနီးယား သမ္မတကလည်း ယင်းကဲ့သို့ ခွင့်ပြုခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြောင်း သိရသည်။ **Mon**






# ဆီးရီးယားနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို အစ္စရေးဘက်က တိုက်ခိုက်ပြီးနောက် စောင့်ကြည့်နေ

**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

ဆီးရီးယားနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို အစ္စရေးဘက်က ရှင်းလင်းတိုက်ခိုက်ပြီးနောက် စောင့်ကြည့်အကဲခတ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂိုလန်ကုန်းမြင့်ဒေသရှိ ပိုင်နက်တစ်နေရာကို အစ္စရေးဘက်က စစ်အင်အားသုံးကာ ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်မှ လာတာကီယာမြို့အထိ ဖြန့်ကြက်ထားသော နယ်နိမိတ်အတွင်းရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို အစ္စရေးဘက်က ရှင်းလင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင် အစ္စရေးဘက်မှ တပ်ဖွဲ့စရာမလိုတဲ့ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုမှကင်းဝေးစေရန် ထိုသို့တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က ရှင်းပြသည်။

အစ္စရေးဘက်က ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ စုစုပေါင်း ၃၅၀ ကျော်ရှိကြောင်း သိရသည်။

**Mon**



ဒီဇင်ဘာ ၁၂ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဂါဇာကမ်းမြောင်ဒေသတွင် အကြွင်းမဲ့အပစ်အခတ်ရပ်စဲရန် မဲခွဲဆုံးဖြတ်နေကြစဉ်။ **Mon**

# ကဘူးလ်မြို့တော်၌ ဖြစ်ပွားသော အသေခံပုံးခွဲမှုတွင် တာလီဘန် ဒုက္ခသည်ဝန်ကြီး ခါလီဟတ်ကွာနီ သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၌ ယမန်နေ့က ဖြစ်ပွားသော အသေခံဗုံးခွဲမှုတွင် တာလီဘန်အစိုးရ၏ ဒုက္ခသည်ဝန်ကြီး ခါလီဟတ်ကွာနီ သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် တာလီဘန်အုပ်စု အာဖဂန်နစ္စတန်နိုင်ငံတွင် အာဏာပြန်မရမီက ဘာသာရေးအစွန်းရောက်အကြမ်းဖက်သမားများကို စုစည်းကာ ကွန်ရက်ဖွဲ့ခဲ့သူဖြစ်သည်။

သို့ဖြစ်ရာ ထိုစဉ်က အမေရိကန်အစိုးရ၏ ဆုငွေဒေါ်လာ ၅ သန်းထုတ်ခြင်းခံခဲ့ရကြောင်း သိရသည်။ **Mon**



# ဂါဇာကမ်းမြောင်ဒေသအတွက် ရိက္ခာယာဉ်တန်းကို ဒရုန်းဖြင့် အစ္စရေးပစ်ခတ်တိုက်ခိုက်၊ လူ ၁၂ ဦး သေဆုံး

**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

ဂါဇာကမ်းမြောင်ဒေသအတွက် ရိက္ခာယာဉ်တန်းတစ်တန်းကို ဒီဇင်ဘာ ၁၂ ရက်က ဒရုန်းဖြင့် အစ္စရေးပစ်ခတ်တိုက်ခိုက်ရာ လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ခန်းယူနစ်မြို့အနီးသို့ ရောက်ရှိလာသော အဆိုပါယာဉ်တန်းကို အရပ်သားလုံခြုံရေးအဖွဲ့က ခြံရံကာကွယ်စောင့်ရှောက်ပေးနေစဉ် အစ္စရေးဘက်က ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ၁၂ ဦး သေဆုံးပြီး လူပေါင်း ၃၀ ထက်မနည်း ဒဏ်ရာရစေခဲ့သော အစ္စရေးတိုက်ခိုက်မှုကို ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲဖြစ်သူ ဖိလစ်လတ်ဇာရီနီက ကန့်ကွက်ရှုတ်ချလိုက်သည်။



ပါလက်စတိုင်း စစ်ဘေးရှောင်ဒုက္ခသည် သန်းနှင့်ချီ၍ စားနပ်ရိက္ခာပြတ်လပ်နေသောကာလအတွင်း အစ္စရေးဘက်က ရောက်လာမည့် စားနပ်ရိက္ခာများကို ကြားဖြတ်ဟန့်တားခဲ့သဖြင့် ၎င်းက ရှုတ်ချခဲ့ခြင်းဖြစ်သည်။

ယခင်အပတ်နှောင်းပိုင်းကလည်း ရာဖာမြို့တွင် ဂျုံမှုန့်ဝယ်ယူရန် တန်းစီနေသူများကို အစ္စရေးဘက်က ပစ်ခတ်တိုက်ခိုက်သဖြင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျိုဟန်ဘာကာယိုကိုအား ခေါ်ယူရန် နယူးကာဆယ်အသင်း စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၁၂**

နယူးကာဆယ်အသင်းသည် ပီအက်စ်ဗွီအသင်း တောင်ပံကစားသမား ဘာကာယိုကိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ ပွဲကစားပြီး ၂၇ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ **(ယာပုံ)**

ပီအက်စ်ဗွီအသင်းကလည်း ဂျိုဟန်ဘာကာယိုကိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ရရှိပါက ရောင်းချသွားဖွယ် ရှိသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဗွီအသင်းထံမှ ဂျိုဟန်ဘာကာယိုကိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ချန်ပီယံလိဂ် ချန်ပီယံဆုကို လီဗာပူးအသင်း ဆွတ်ခူးနိုင်ဟု ရီယိုဖာဒီနန် ပြောကြား



**လန်ဒန် ဒီဇင်ဘာ ၁၂**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကို လီဗာပူးအသင်း ဆွတ်ခူးနိုင်ကြောင်း ရီယိုဖာဒီနန်က ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပွဲစဉ် ၆ ပွဲကစားအပြီးတွင် ၆ ပွဲ စလုံး အနိုင်ရရှိကာ ရမှတ် ၁၈ မှတ်ဖြင့် အုပ်စုအဆင့် (၁) နေရာတွင် ရပ်တည်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်သာမက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ရယူထားနိုင်ခဲ့သည်။

ရီယိုဖာဒီနန်က "၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကို လီဗာပူးအသင်း ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်။ လီဗာပူးအသင်းရဲ့ ယခုနှစ် ကစားပုံကလည်း အလွန်ကျေနပ်အားရစရာပါပဲ" ဟု ပြောသည်။ **(NGB)**

## သီအိုဟာနန်ဒက်ဇ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁သန်းရရှိပါက အေစီမီလန်အသင်း ရောင်းချဖွယ်ရှိ

**မီလန် ဒီဇင်ဘာ ၁၂**

စီးရီးအေကလပ် အေစီမီလန်အသင်းသည် အသင်းနောက်ခံကစားသမား သီအိုဟာနန်ဒက်ဇ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁ သန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား သီအိုဟာနန်ဒက်ဇ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၀ ပွဲကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အေစီမီလန်အသင်းမှ ရောင်းချဖွယ်ရှိနေသော သီအိုဟာနန်ဒက်ဇ်အား လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## 2024 Workday Canberra International တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်မည်




**လန်ဒန် ဒီဇင်ဘာ ၁၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Workday Canberra International တင်းနစ်ပြိုင်ပွဲ လာမည့် ဒီဇင်ဘာ ၂၈ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Workday Canberra International တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ရက်မှ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ၉ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Workday Canberra International တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Workday Canberra International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန်တင်းနစ်မယ် Nuria Parrizas Diaz ဖြစ်သည်။

**(အပေါ်ဝဲပုံ)**


**(NGB)**

## ဂရစ်ဇ်မန်းအား စာချုပ်သက်တမ်းတိုးရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁၂**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ပွဲကစားပြီး ၅၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



အက်သလက်တီကိုမက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "ဂရစ်ဇ်မန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## နေမာအား ခေါ်ယူသွားလိုကြောင်း ဂျော့ချ်မက်စ် ပြောကြား



**လန်ဒန် ဒီဇင်ဘာ ၁၂**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်း ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်သူ ဂျော့ချ်မက်စ်က မိမိတို့အသင်းအနေဖြင့် အယ်လ်ဟီလာအသင်းတိုက်စစ်မှူး နေမာအား ခေါ်ယူသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ဒဏ်ရာပြဿနာများနှင့် ဆက်တိုက်ရင်ဆိုင်နေရပြီး အယ်လ်ဟီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇ ပွဲသာ ကစားထားရသေးသော်လည်း အင်တာမိုင်ယာမီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

တိုက်စစ်မှူးနေမာကိုယ်တိုင်ကလည်း လက်ရှိအချိန် အယ်လ်ဟီလာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သလို အသင်းတာဝန်ရှိသူများနှင့်လည်း အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။ **(ဝဲပုံ)**

ဂျော့ချ်မက်စ်က "နေမာအား ခေါ်ယူသွားလိုပါတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးပါ။ သူ့အနေနဲ့လည်း ကျွန်တော်တို့အသင်း ကမ်းလှမ်းမှုကို ငြင်းပယ်မယ်လို့ မထင်ပါဘူး" ဟု ပြောသည်။ **(NGB)**

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၄ | (၁၇)ဒါဘီ - ပို့စမောက်(၂၀) | ဒါဘီ ၁-၁ ပို့စမောက် | ဒါဘီ(အိမ်) | ၉ | ၄ | ၂ | ၃ | ၁၃ | ၉ |
| နံနက်၀၂း၃၀နာရီ | (D,L,L,L,D) (L,W,D,W,D) | ပို့စမောက် ၂-၂ ဒါဘီ | ပို့စမောက်(ဧည့်) | ၉ | ၁ | ၄ | ၄ | ၁၂ | ၂၀ |

## ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၄ | (၁၀)တူးလော့ - စိန့်အက်တီယန်(၁၆) | တူးလော့ ၃-၃ စိန့်အက်တီယန် | တူးလော့(အိမ်) | ၇ | ၃ | ၂ | ၂ | ၈ | ၆ |
| နံနက်၀၂း၁၅နာရီ | (W,W,L,W,L) (W,L,W,L,L) | စိန့်အက်တီယန် ၂-၂ တူးလော့ | စိန့်အက်တီယန်(ဧည့်) | ၇ | - | ၁ | ၆ | ၄ | ၂၅ |

## ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၄ | (၇)ဖရိုင်ဘတ် - ဝုဖ်ဘတ်(၅) | ဖရိုင်ဘတ် ၁-၂ ဝုဖ်ဘတ် | ဖရိုင်ဘတ်(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၁ | ၇ |
| နံနက်၀၂း၀၀နာရီ | (D,D,L,W,D) (D,W,W,W,W) | ဝုဖ်ဘတ် ၀-၁ ဖရိုင်ဘတ် | ဝုဖ်ဘတ်(ဧည့်) | ၆ | ၄ | ၁ | ၁ | ၁၆ | ၇ |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၄ | (၁၀)အမ်ပိုလီ - တိုရီနို(၁၂) | အမ်ပိုလီ ၃-၂ တိုရီနို | အမ်ပိုလီ(အိမ်) | ၇ | ၁ | ၄ | ၂ | ၂ | ၅ |
| နံနက်၀၂း၄၅နာရီ | (W,D,D,L,W) (L,L,D,L,D) | တိုရီနို ၁-၀ အမ်ပိုလီ | တိုရီနို(ဧည့်) | ၈ | ၂ | ၂ | ၄ | ၁၀ | ၁၃ |

## စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးပွဲ ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၄ | (၂၀)ဗယ်လာဒိုလစ် - ဗလင်စီယာ(၁၉) | ဗယ်လာဒိုလစ် ၁-၀ ဗလင်စီယာ | ဗယ်လာဒိုလစ်(အိမ်) | ၈ | ၁ | ၃ | ၄ | ၅ | ၁၂ |
| နံနက်၀၂း၃၀နာရီ | (L,D,L,L,L) (L,D,W,L,L) | ဗလင်စီယာ ၂-၁ ဗယ်လာဒိုလစ် | ဗလင်စီယာ(ဧည့်) | ၇ | - | ၂ | ၅ | ၃ | ၁၃ |



## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာ ပြည်နယ်အကြီးအကဲ H.E.Mr.Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ MAI လေကြောင်းဖြင့် ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

## အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေးနှင့် ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက် ပွမ်းမံထိန်းသိမ်းမှုများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အင်းဝရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေးနှင့် ရှေးဟောင်း အဆောက်အအုံများကို ရှေးမူမပျက် မွမ်းမံထိန်းသိမ်းမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း အင်းဝ-ပင်းယဌာနခွဲမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို အင်းဝ-ပင်းယ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် စုစည်းထားရှိပြီး ယင်းနယ်မြေများ၌ အင်းဝ-ပင်းယ ဌာနခွဲမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

"သန့်ရှင်းသာယာလှပရေးနဲ့ ရှေးဟောင်းအဆောက်အအုံတွေထဲက ပျက်စီးယိုယွင်းနေတာတွေ ရှေးဟောင်းမူဝါဒနဲ့အညီ ပြင်ဆင်တဲ့ လုပ်ငန်းတွေရှိတယ်။ ပြည်ထောင်စုက ချထားပေးတဲ့ဘတ်ဂျက်ငွေနဲ့ ဆောင်ရွက်ရာမှာ မယ်နုအုတ်ကျောင်းမှာ ကြမ်းခင်းတွေရေရှည်ခံအောင် ရေနံစိမ်းသုတ်တာတွေအပြင် ဆင်ကျုံးခံတပ်၊ နန်းမြင့်မျှော်စင်နဲ့ ကြီးလေးကြီးဘုရားတွေမှာ ထိန်းသိမ်းမှုလုပ်ငန်းတွေ ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အင်းဝနှင့် ပင်းယ ရှေးဟောင်းနယ်မြေအတွင်း ၁၂ နေရာတွင်လည်းကောင်း၊ မယ်နုအုတ်ကျောင်းမြေဝါသုတ်၍ ပြုပြင်ထိန်းသိမ်းခြင်းနှင့်အတူ မလိုလားအပ်သည့်သစ်ပင်များကို ပေါင်းသတ်ဆေးဖြင့်ဖယ်ရှားခြင်း၊ ကြမ်းခင်းများကို ရေနံစိမ်းသုတ်ခြင်းတို့ကိုလည်းကောင်း၊ ဆင်ကျုံးခံတပ်၊ အရှေ့ဘက်ကျုံးကူးတံတားနှင့် လက်ရမ်းများပြင်ဆင်ထိန်းသိမ်းခြင်း၊ အင်းဝနန်းမြင့်မျှော်စင် ထိန်းသိမ်းခြင်း၊ လေးထပ်ကြီးဘုရားမဟာရံ တံတိုင်းပြုပြင် ထိန်းသိမ်းခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်လျက် ရှိသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို ရှေးမူမပျက် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးမှုမှာ မယ်နုအုတ်ကျောင်းတွင် ၈၀ ရာခိုင်နှုန်း၊ ဆင်ကျုံးခံတပ်တွင် ၈၀ ရာခိုင်နှုန်း၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများတွင် ၇၅ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၉)



## လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြန်မာ့မီးရထား၊ မြို့ပြနှင့်အင်ဂျင်နီယာဌာန လက်ထောက်အင်ဂျင်နီယာရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် အာမခံအလုပ်သမား ဒေါ်ယုဇနလင်း၏ လုပ်ငန်းအတွင်းထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၁၀၀ ရာခိုင်နှုန်းနှင့် အမြဲမပြတ်ပြုစုစောင့်ရှောက်ရန် ၁၀ ရာခိုင်နှုန်း၏ ၉ နှစ်စာအတွက် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ်တစ်ရာတစ်ဆယ့်ကိုးသိန်း ခုနစ်သောင်း ငါးထောင်လေးဆယ်ကျပ်ကို ကာယကံရှင်ဖြစ်သူ ဒေါ်ယုဇနလင်းထံ လက်ဝယ် အရောက်ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ထို့နောက် အကျိုးခံစားခွင့်ရရှိသူ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးစပါးကိုလျာထားကေထက် ကိုးဧက ပိုမိုကျော်လွန် စိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း ဒီဇင်ဘာ ၁၂**

စစ်ကိုင်းမြို့နယ်တွင် မိုးစပါးကို လျာထားဧကထက် ၉ ဧက ပိုမိုကျော်လွန် စိုက်ပျိုးနိုင်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးစပါး ၂၆၁၁၆ ဧကလျာထားခဲ့ရာ ၂၆၁၂၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက်ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့သည်။

စစ်ကိုင်းမြို့နယ်တွင် မိုးစပါးအထိ တစ်ဧက ၉၅ ဒသမ ၈ တင်းထွက်ရှိပြီး မိုးစပါးအခြောက်တစ်ဧက ၈၅တင်းခန့်ထွက်ရှိသည်။

"အထွက်နှုန်းတိုး မိုးစပါးတွေရရှိနိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က သွင်းအားစုတွေ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လည်း တောင်သူတွေကို အထွက်နှုန်းတိုး သီးနှံရရှိစေဖို့ နည်းပညာတွေဖြန့်ဝေပေးပါတယ်။ ပိုးမွှားရောဂါကင်းစင်ရေး၊ သဘာဝမြေသြဇာတွေ လက်တွေ့အသုံးပြုနိုင်ဖို့ သင်တန်းတွေစဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာအုပ်စု၊ ကုန်းကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၀ရက်၊ နံနက် ၉ နာရီက ကွင်းအမှတ် ၈၃၆/၁၇၀၀ ဦးပိုင်အမှတ် ၁၃၁၊ အကွက်အမှတ် ၁၉၆ တောင်သူ ဦးအောင်ဇော်မြင့်၏ဧက ၁၀၀ မိုးစပါးစိုက်ခင်း၌ ကျင်းပပြုလုပ်ခဲ့သည်။ (၃၉၄)

## မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**နတ်မောက် ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံရန်နှင့် မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချောင်းနက်ကျေးရွာအုပ်စုများရှိ ဆင်းရွှေကြာနေကြာ စိုက်ခင်းများ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိဌာနဆိုင်ရာများက တောင်သူများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိက နတ်မောက်မြို့နယ်တွင် မိုးနေကြာ ၂၆၁၉၆ ဧက စိုက်ပျိုးထားရှိရာ မျိုးစေ့ထုတ်ဧက ရေဆင်းစပ်မျိုး(၁) ၁၃ ဧကနှင့် ဆင်းရွှေကြာ ၆၇ဧက မျိုးသန့်ထုတ် စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်း၍ မျိုးစေ့ထုတ်စိုက်ခင်းများမှရရှိလာသည့် မျိုးသန့်များအား ဆောင်းနေကြာ ဆက်လက်စိုက်ပျိုးနိုင်ရန် မျိုးကောင်း မျိုးသန့်ဖြန့်ဖြူးရေးအတွက် မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံက သိရသည်။ **လှဝင်း**








# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မန္တလေးမြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့တို့အကြား ညီအစ်မမြို့တော် ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မန္တလေးမြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့(Novosibirsk)တို့အကြား ညီအစ်မမြို့တော်ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၆)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တော်ဝန်ရုံးမှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဥက္ကဋ္ဌ Mr.Eugeny MOLIN နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီရုံးမှ ရုံးအဖွဲ့မှူး ဒေါ်စံသာမွန်တို့က အခမ်းအနားအစီအစဉ်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အသီးသီးဖတ်ကြားကြပြီးနောက် နိုဗိုစီဗစ်မြို့တော်ဝန် HE Mr.Maksim KUDRYAVTSEVနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့သည် အပြန်အလှန် ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍ နိုဗိုစီဗစ်မြို့ မြို့တော်ကောင်စီဥက္ကဋ္ဌ Mr.Dmitry ASANTSEV၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ နိုဗိုစီဗစ်မြို့၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားလှယ် Mr.Nikolay AFONASOV၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်းတို့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ကြသည်။

ယင်းနောက် နှစ်ဖက်အခမ်းအနားမှူးများက နားလည်မှုစာချွန်လွှာ (MOU)များအား ဖတ်ကြားကြပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မန္တလေးမြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တို့အကြား ညီအစ်မမြို့တော်ထူထောင်ရေး နားလည်မှုစာချွန်လွှာများအား နှစ်ဖက်မြို့တော်ဝန်များက လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ပြီးမြောက်ခဲ့သည်။

"အပြန်အလှန်မှီခိုရသော ယနေ့ Globalization ခေတ်ကာလတွင် အခြားမြို့များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ညီအစ်မမြို့တော်ထူထောင်ခြင်းကဲ့သို့ မိတ်ဖက်ဖွဲ့စည်းခြင်းသည် ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အချင်းချင်း အသိပညာဖလှယ်ခြင်းဖြင့် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရမှာဖြစ်သည့်အပြင် နားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်မှာ နှစ်ဦးနှစ်ဖက် သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်တည်ဆောက်ရာတွင် တန်းတူရည်တူရှိမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် အခြေခံ၍ တစ်ဖက်နှင့် တစ်ဖက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဤနားလည်မှုစာချွန်လွှာမှတစ်ဆင့် မြို့ပြစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး၊ သတင်းအချက်အလက်နည်းပညာ၊ အားကစား၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း" မြို့တော်ဝန်က အမှာစကားတွင် ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုမြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုမြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကလေးငယ်များအနေဖြင့် အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ကောင်းသောယှဉ်ပြိုင်လိုစိတ်များ ရှိစေရန်၊ စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်၊ထွက်သွားလာတတ်သည့် အလေ့အထများဖြစ်ပေါ်စေရန်နှင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ပုံ၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်၊ လွတ်လပ်ရေး၏ အနှစ်သာရများ၊ လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ (ဓဲပုံ)

ဆက်လက်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တောင်တွင်းကြီးမြို့ စာပေချစ်မြတ်နိုးသူအဖွဲ့မှ အဖွဲ့ဝင် စာရေးဆရာ ဦးအောင်သက်ဦး (အောင်သက်-တောင်တွင်း)နှင့် မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်တို့က အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိဿနီးမြေ)**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၃၀ ခွင့်ပြုထားရှိ

**မန္တလေး ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၀ ကျော်ခွင့်ပြုထားပြီး ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၃ သိန်းတန်ဖိုးရှိကြောင်း အဆိုပါကော်မရှင် ထုတ်ပြန်ချက်များအရ သိရသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံ (FDI)စီမံကိန်းများအဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၇ သန်း၊ စက်မှုကုန်ချောကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၂၂၅ သန်း၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၄၄ သန်း အသီးသီးရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA) ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအပြင် စွမ်းအင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း၊ စိုက်ပျိုးရေးကဏ္ဍမှ ၁ သန်းအောက် ရင်းနှီးမြှုပ်နှံမှုရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ပထမနှစ်ဝက်အတွင်း စင်ကာပူနိုင်ငံမှ ဒေါ်လာ ၈၇ ဒသမ ၇၄ သန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

ဝ-ဝ-ဝ-ဝ-ဝ

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## တရုတ်နိုင်ငံသို့ တင်ပို့ရန် နှမ်းနက်နှင့် ပဲတီစိမ်း အဝယ် ကောင်းနေသောကြောင့် ဈေးမြင့်တက်လာ

တရုတ်နိုင်ငံသို့ တင်ပို့ရန် နှမ်းနက်နှင့် ပဲတီစိမ်း အဝယ်ကောင်းနေသောကြောင့် ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

လက်ကျန်နည်းလာသည့် ကျွန်းစားတော်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀ ပေါက်ဈေးဖြစ်လာပြီး စားသုံးမှု မြင့်တက်နေချိန် ဖြစ်သည်။

ပဲနှမ်းဈေးကွက်အတွင်း နှမ်းနက်နှင့် ပဲတီစိမ်းမှာ တရုတ်ကုန်သည်များ ဝယ်လိုအားကောင်းလာသောကြောင့် ဈေးမြင့်တက်လာကြောင်း၊ နှမ်းနက်မှာ တရုတ်ပွဲတော်များအတွက် ဝယ်လိုအားကောင်းနေခြင်းဖြစ်ပြီး ပဲတီစိမ်းမှာ ဈေးတန်းကြောင့် ဝယ်လိုအားကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စု အနည်းငယ် ပြန်လည်ဈေးမြင့်တက်လာသလို မြေပဲဆန်မှာလည်း နယ်စုံမှ အသစ်ဝင်ရောက်မှုများ ရှိနေသလို ဝယ်လိုအားနှင့် ရောင်းလိုအား မျှတနေချိန်ဖြစ်ကြောင်း၊ ကျွန်းစားတော်ပဲမှာ လက်ကျန်နည်းလာပြီး တရုတ်နိုင်ငံမှ ကနေဒါစားတော်ပဲ ဝင်ရောက်မှု မရှိသဖြင့် ဈေးမြင့်တက်လာချိန်ဖြစ်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"နှမ်းနက်ဈေးမှာ တရုတ်အဝယ်ကောင်းတော့ ဈေးမြင့်တက်လာပါတယ်။ အက်စစ်လွတ်ရင် သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၇၀၀၀၀၀ အထိ ဈေးကောင်းရလာပါတယ်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း အနည်းငယ် ဈေးပြန်တက်လာတယ်။ မြေပဲဆန် အသစ်တွေကလည်း တစ်နယ်ပြီးတစ်နယ် ဝင်နေသလို မြေပဲဆန် ဈေးတွေလည်း ကောင်းနေပါတယ်။ ကျွန်းစားတော်ပဲမှာလည်း လက်ကျန်နည်းလာတော့ အမြင့်ဈေး ဖြစ်လာပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ပို့ကုန်မတ်ပဲ(ဟောင်း)တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း ဝင်ရောက်မှု မရှိသေးသော်လည်း နယ်ဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးမြင့်တက် အဝယ်သွက်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၁၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၀၇၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်မြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၈၉၀၀ ပေါက်ဈေး ရှိနေသည်။



နှမ်းမျိုးစုံမှာ အရောင်းအဝယ် ပြန်သွက်လာရာ ဒီဇင်ဘာ ၁၂ ရက်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၉၅၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဆက်လက်မြင့်တက်လာကြောင်း သိရသည်။ **ရွှေမန်း**

*-*-*-*-*-*-*



## ဒီဇင်ဘာလအတွက် ပြည်တွင်းစားဆန် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်၊ ဈေးနှုန်းတည်ငြိမ်

ဒီဇင်ဘာလအတွက် ပြည်တွင်းစားဆန် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်ထားပြီး သုံးလဆက်တိုက် ရည်ညွှန်းဈေးပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ထုတ်ပြန်ထားသည်။

သတ်မှတ်ရည်ညွှန်းဈေးနှုန်းများမှာ ပြည်တွင်းစားသုံးမှုများသည့် ဆန်အုပ်စုအလိုက် ၂၄ ပြည် တစ်အိတ်လျှင် အမြင့်ဆုံး ငွေကျပ် ၈၅၀၀၀-၁၅၀၀၀၀ အကြားရှိပြီး ဧယာ၊ ငွေတိုး၊ ဧရာမင်း၊ နံ့ကောက် စသည့်ဆန်များမှ ငွေကျပ် ၈၅၀၀၀ ၊ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းက ထွက်ရှိသည့် ရွှေသွယ်၊ အညာသား၊ ပခန်း၊ မော်တီ-၂၊ မော်တီ-၃၊ ဖန်သီးသုခ၊ လုံးသွယ်မွှေး၊ ရက် ၉၀၊ မနောသုခ၊ ဆင်းသုခ၊ ဗျော့ထွန်း ဆန်ဈေးနှုန်းများကို ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ သတ်မှတ်ထားပြီး အခြားဆန်အမျိုးအစားများကိုလည်း သင့်တင့်မျှတသော ရည်ညွှန်းဈေးများ ထုတ်ပြန်ထားသည်။

လစဉ်ထုတ်ပြန်သည့် ရည်ညွှန်းဈေးနှုန်းများ၊ စည်းကမ်းချက်နှင့်အညီ ရောင်းချရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ အရည်အသွေးမမှန်မကန် ရောင်းချခြင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ တရားစွဲဆိုခြင်း၊ ဒဏ်ငွေနှင့် အခွန်ငွေသတ်မှတ်ပေးဆောင်စေခြင်း စသည့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

ထို့အပြင် ဆန်စက်များ၊ ဆန်အရောင်းဆိုင်များ၊ ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များ အလေးအနက်ထားလိုက်နာဆောင်ရွက်ရန်၊ နိုင်ငံခြားသို့ ပို့ကုန်တင်ပို့မှုများကြောင့် ပြည်တွင်းဆန်ဈေး မြင့်တက်နေကြောင်း သတင်းမှားများ ဖြန့်ဝေမှုများ ရှိနေကြောင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အသိပေးနှိုးဆော်ထားသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးစပါး ရိတ်သိမ်းချိန် ဖြစ်သောကြောင့် ရွှေဘိုပေါ်ဆန်း၊ ဧရာမင်းစပါး၊ ရွှေသွယ်ရင်၊ ဆင်းသုခ၊ GW-11 စပါးများ ထွက်ရှိလာပြီး စပါးဈေးမြင့်တက်လျက်ရှိရာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၅ သိန်းကျော်ရရှိပြီး စပါးအမျိုးအစားအလိုက် ဈေးအနည်းငယ် ကွာခြားမှုရှိသည်။ မန္တလေး၊ ရွှေဘိုဒေသများမှ မိုးစပါးစိုက်တောင်သူ အများစုသည် မိုးစပါးရိတ်သိမ်းချိန်တွင် စပါးရောင်းချမှု မပြုလုပ်သေးဘဲ နောက်နှစ် မိုးစပါး ရိတ်သိမ်းကာနီးချိန်မှသာ စပါးဟောင်းများကို ထုတ်ရောင်းလေ့ရှိကြောင်း သိရသည်။ **ရွှေမန်း**

*-*-*-*-*-*-*

## ပို့ကုန်ပြောင်းကုန်သည်များအနေဖြင့် ပြောင်း ဈေးကောင်းပေးဝယ်ယူတင်ပို့နေ


ပြည်တွင်းပြောင်းစိုက်တောင်သူများအနေဖြင့် ပြောင်းသစ်များ ပေါ်လာချိန်တွင် ပြောင်းဈေးကောင်းလာရာ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ခန့် ရရှိလာကြောင်း တောင်သူများထံက သိရသည်။

ပြည်ပသို့ ပြောင်းတင်ပို့မှုမှ ရရှိလာသည့် ပို့ကုန်ရငွေ ရရှိမှုပေါ်မူတည်ပြီး ပြည်တွင်းပြောင်းဈေးမှာ အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လာကြောင်း၊ လက်ရှိ FOB ပေါက်ဈေးအတိုင်းတွက်ချက်ကာ ယခင်လို အမြတ်မချန်ဘဲ အရင်းမရှုံးဈေးဖြင့် ပို့ကုန်သမားများ ဈေးကောင်းပေးဝယ်လာခြင်းဖြစ်ကြောင်း ပို့ကုန်သမားတစ်ဦးထံက သိရသည်။

"ယခု လက်ရှိ ပြောင်းဈေး မြင့်တက်နေခြင်းက ပို့ကုန်သမားတွေ အရင်းအတိုင်း အမြတ်မယူဘဲ တင်ပို့နေပါတယ်။ ရန်ကုန်အရောက်ဈေး၊ မန္တလေးအရောက်ဈေးကို သယ်ယူပို့ဆောင်စရိတ်ပေါင်းပြီး အရင်းမရှုံးတဲ့ဈေးနဲ့ တောင်သူတွေဆီက ဈေးကောင်းပေးဝယ်နေတာပါ။ အရင်ကဆိုရင် အနည်းဆုံး တစ်ပိဿာကို ငွေကျပ် ၅၀ ခန့် ဈေးခွာပြီး ဝယ်ယူတာပါ။ ပို့ကုန်သမားတွေအနေနဲ့ ပို့ကုန်ရငွေ ရှိမှသာ နိုင်ငံခြားငွေဖြင့် ပြန်လည်တင်သွင်းမှုများ ပြုလုပ်နိုင်တဲ့ မူဝါဒကြောင့် ပို့ကုန်ပေါ်မှာ အမြတ်မယူတော့ဘဲ တင်ပို့နေကြတာပါ။ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု ပိတ်ထားချိန် ဖြစ်ပေမယ့် လက်ရှိမှာ ပြောင်း ဝယ်လိုအား ကောင်းနေခြင်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိပြောင်းဈေးကွက်တွင် ရန်ကုန်အရောက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ကျော်နှင့် မန္တလေးအရောက်ဈေး ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ပေါက်ဈေးရှိနေပြီး နယ်ဈေးများမှာ သယ်ယူပို့ဆောင်စရိတ်လျှော့ပြီး ဝယ်ယူလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြောင်းတင်ပို့မှု မက်ထရစ်တန် ၂ သန်းကျော် တင်ပို့ထားပြီး စုစုပေါင်း တန်ချိန် သုံးသန်းကျော် တင်ပို့ရန် မျှော်မှန်းထားပြီး ပို့ကုန် အမယ်များတွင် တတိယအများဆုံး နိုင်ငံခြားဝင်ငွေရရှိသည့် လယ်ယာထွက်ကုန်သီးနှံဖြစ်သည်။ ပြောင်းကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုများမှ အများဆုံး တင်ပို့လျက်ရှိသည်။



မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပ



**ဥတ္တရသီရိ ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ဟောပြောပွဲ၊ ပြိုင်ပွဲများ၊ ပြပွဲများ ကျင်းပပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသားလူငယ်များ၏ အသိစိတ်ထဲတွင် အမြဲထာဝရကိန်းအောင်းရှင်သန်နေစေရန်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ မြန်မာ့လွတ်လပ်ရေးကာလတစ်လျှောက်ချုပ်ဆိုခဲ့သော စာချုပ်များအကြောင်းနှင့် မိမိတို့၏စိတ်ခံစားမှု၊ စိတ်အတွေးအမြင်များဖြင့် မိမိတို့စိတ်ကြိုက် ပုံဖော်ဖန်တီးရေးသားနိုင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်၊ ကဏ္ဍပေါင်းစုံ၌ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ ဖြစ်လာကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာမ ချယ်ချယ်(YU)က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောလ်ပင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဥတ္တရခရိုင် ပြည်သူ့စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော သုတရသစာအုပ်၊ စာစောင်များနှင့် ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ အဆိုအမိန့်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ လူအများရှေ့၌ စကားပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့မအနောက် အ-မ-က ကျောင်းမှ စာဖတ်စွမ်းရည်ပြိုင်ပွဲဝင် ၁၃ဦးတို့ ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ မှလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်-၂ ဒေါ်ဝါဝါမြင့်မှလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲနှင့် လွတ်လပ်ရေးနေ့ နံရံကပ်စာစောင်ပြပွဲတွင် မြို့မအနောက် အ-မ-က ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို လွတ်လပ်ရေးနေ့အကြောင်းသိကောင်းစရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လွတ်လပ်ရေးနေ့ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါပြိုင်ပွဲနှင့် ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မအနောက် (အ-မ-က)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## လူထုအားထား စည်ပင်စွမ်းအား

\- - - - - - - - -

* အရဏ်ဦး တက်နေရောင် သို့ကွယ့်
ဝင်းလက်ဆောင် သဏ္ဍာန်အသွေး။
ထိန်ညီဖြာ
စိန်စီလွှာ မိုးစက်ဖျန်းသလို
ချမ်းသာရွှင်အေး။

* မန္တလာတွင်ခေါ် မန္တလေး ကိုကွယ့်
ဖွံ့ဖြိုးရေး ထမ်းရွက်တာ
စည်ပင်သာယာ။
လမ်း တံတားတို့ တည်ဆောက်ကာ
ခေတ်မီစွာ သေသပ်လှ။
မြို့တော်တစ်ခွင် သန့်ရှင်းမှုကိုဖြင့်
ဦးဆောင်ပြုကြ။

* နန်းဟန်မူ ရွှေမြို့ပြ ကိုကွယ့်
ဂုဏ်ရည်သ မြို့တော်စည်ပင်။
သုံးဆယ့်နှစ်နှစ်ကြာ ကျိုးဆောင်လုပ်
ဝန်ထမ်းစွမ်းအင်။
ခေတ်ရည်ဆက် မော်ကွန်းတင်
ဂုဏ်ရည်ဆင် ဌာနကောင်း။
မြို့လူထုအများရဲ့ ဆန္ဒစုလို့ရယ်
(နှစ်ပတ်လည် အခါသမယနေ့ကို)
ဂုဏ်ပြုပါကြောင်း။

(၂၉-၁၂-၂၀၂၄)ရက်တွင် ကျရောက်မည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။)

**မင်းမြတ်မိုး(မန်းမြေ)**



တိုက်တာဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့်
သစ်ပင်၊
မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း၊
စိတ်ပင်ပန်း၏။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ခိုင်မြဲအောင်က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ နေမျိုးအောင်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝိုင်းမင်းခန့်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ညီညီထွန်းက ပထမ၊ မွန်ပြည်နယ်မှ မင်းမြတ်သူက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရဲချစ်နိုင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ထက်ကောင်းဝေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ သန်းပြည့်အောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ကောင်းဆက်ဇော်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဟဲပွဲ့မှူးက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ တင်မိုးအောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မင်းသိခ်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ သီဟနိုင်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လပြည့်အောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ နှင်းရွှေရည်က ပထမ၊ ကယားပြည်နယ်မှ အေးအေးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ လွေးပိုးညိမ့်ကီက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ သုန္ဒာလွင်က ပထမ၊ ရခိုင်ပြည်နယ်မှ ရီရီဌေးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိမ့်သိမ့်သူက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ နွေဦးခိုင်က ပထမ၊ တနင်္သာရီတိုင်းဒေသကြီးမှ ကေဇင်ဖြိုးက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ အေးစန္ဒာမိုးက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဖြူသီဦးက ပထမ၊ ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီရိလင်းလင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မြတ်နိုးသူက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ စုမြတ်သွယ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဓာတ်ပုံ-မျိုးထက်)

ကျင်းပရာ အမျိုးသား ၅၅-၆၀ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ရဲရင့်အောင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ စန်းအောင်က ဒုတိယ၊ မွန်ပြည်နယ်မှ စောမိုင်းမိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မြတ်နိုးဦးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နှင်းဦးလှိုင်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သဲနုခိုင်က ဒုတိယ၊ မွန်ပြည်နယ်မှ သိမ့်သိမ့်တုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မြသန္တာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားအတိုက်အပြ ပြိုင်ပွဲတွင် ကရင်ပြည်နယ်က ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်ကတတိယဆုကိုလည်းကောင်း၊ အမျိုးသား တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နေဝန်းဆန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ လှိုင်ဝင်းထက်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ဟိန်းသူရအောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသားလက်သိုင်းပြစွမ်းရည်ပြပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ နိုင်အောင်ရွှေက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဖြိုးဌေးစိုးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သန့်ဇင်သူက တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့က ပူးတွဲတတိယဆုတို့ကို ရရှိခဲ့သည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ် အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ်အသင်းက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့က ပူးတွဲတတိယ ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပရာ အမျိုးသား ၈၁ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ခန့်စိုးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ထက်အောင်ဟိန်းက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ပိုင်နှင့် ရှမ်းပြည်နယ်မှ စိုးသူရနောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား ၉၀ ကီလိုတန်းအောက် ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မိုးမြင့်ဦးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ စထက်ဝေဖြိုးက ဒုတိယ၊ မွန်ပြည်နယ်မှ အဂ္ဂပိုင်ဖေနှင့် မကွေးတိုင်းဒေသကြီးမှ ချမ်းကိုကိုတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား ၁၀၀ ကီလိုတန်းအထက် ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ သန့်စင်အောင်ကပထမ၊စစ်ကိုင်းတိုင်းဒေသကြီးမှ ဇော်လင်းဖြိုးက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်ပိုင်ခန့်နှင့် ရှမ်းပြည်နယ်မှ ခွန်နေလင်းဟိန်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား ၁၀၀ ကီလိုတန်းအောက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ဇေထက်က ပထမ၊ ရခိုင်ပြည်နယ်မှ ဘုန်းမြတ်စံက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သက်နိုင်ထွန်းနှင့် ရှမ်းပြည်နယ်မှ စိုးသီဟဇော်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး ၆၃ ကီလိုတန်းအောက် ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဆောင်းဦးဝေက ပထမ၊ ကချင်ပြည်နယ်မှ ဘန်းတောမ်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ထက်ထက်လင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်မွန်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နှင်းစန္ဒာထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ လီဆောင်ဦးက ဒုတိယ၊ ကယားပြည်နယ်မှ တွယ်တာမိုးနှင့် ရှမ်းပြည်နယ်မှ နန်းနုနုခေါင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ယွန်းဝတီစိုးက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ အိသဇင်နိုင်က ဒုတိယ၊ ရှမ်းပြည်နယ်မှ သဥ္ဇာနှင့် ကချင်ပြည်နယ်မှ သင်းသဇင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၈ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းသဲနုနုစံက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ကေသွယ်ဦးက ဒုတိယ၊ ကချင်ပြည်နယ်မှ မဟော်ဒေါင်းညွယ်နှင့် ချင်းပြည်နယ်မှ နန်းနွယ်နွယ်ခမ်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်/စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘီလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball တစ်ဦးချင်းပြိုင်ပွဲ၊ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် 9 Ball နှစ်ယောက်တွဲပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စောရွှေဝင်းက ကချင်ပြည်နယ်မှ ဘောမ်ဆောင်ကိုလည်းကောင်း၊ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ရှမ်းပြည်နယ်မှ ရှိုင်းငယ်ကိုလည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ကချင်ပြည်နယ်မှ ရှိုင်းထက်ကိုကိုကိုလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နုတ်မာရ်က မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်ကိုလည်းကောင်း၊ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူကိုလည်းကောင်း၊ အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က မန္တလေးတိုင်းဒေသကြီးမှ သက်ထားဗိုလ်ကိုလည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်ကိုလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ကိမ်ရှမ်းဒိတ်ဆန်က ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၄ မှတ်သာ၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ခြောက်မှတ်သာဖြင့်လည်းကောင်း၊ အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်မှတ်သာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးမှတ်သာဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ- တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားလေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အမျိုးသား ပင်း ၅၄ ကီလိုတန်းအောက် ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ထွန်းလင်းအောင်က **စာမျက်နှာ ၁၇ သို့**

○ စာမျက်နှာ ၁၆ မှ

စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်ဝေယံကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေစိုးရှိန်က ပဲခူးတိုင်းဒေသကြီးမှ ထက်ဝေကျော်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က တနင်္သာရီတိုင်းဒေသကြီးမှ ထက်မြတ်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင်က ဧရာဝတီတိုင်းဒေသကြီးမှ အောင်ဟိန်းခန့် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က ကရင်ပြည်နယ်မှ ဝေယံမိုးအောင်ကိုလည်းကောင်း၊ မွန်ပြည်နယ်မှ ဝေလင်းထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠူကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေစဉ်။

### အနိုင်ရရှိ

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠူကျော်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ ဈာန်လွှမ်းထူးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကိုက မကွေးတိုင်းဒေသကြီးမှ ရှိုင်းထက်အောင်ကိုလည်းကောင်း၊ ကယားပြည်နယ်မှ အောင်ဖြိုးမင်းက ချင်းပြည်နယ်မှ ရဲမင်းဦးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက မန္တလေးတိုင်းဒေသကြီးမှ ရဲသွင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်က စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ကျော်ဇင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စံလင်းက မွန်ပြည်နယ်မှ အောင်မင်းဖြိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက ကရင်ပြည်နယ်မှ အေးမြတ်သူကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်းက ချင်းပြည်နယ်မှ မေသော်သော်ခိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင်က မွန်ပြည်နယ်မှ ကြယ်စင်သော်ကိုလည်းကောင်း၊ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ စုဝတီကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ရခိုင်ပြည်နယ်မှ မိုးအိဖြူကိုလည်းကောင်း၊ ကယားပြည်နယ်မှ ဒီးမြာ က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဝေချိုကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ပင်း ၅၄ ကီလိုအောက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကချင်ပြည်နယ်မှ ထွန်းလင်းအောင်က ကယားပြည်နယ်မှ ကျော်ဇေယျာဖြိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က ရခိုင်ပြည်နယ်မှ နေစိုးရှိန်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူးက ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မွန်ပြည်နယ်မှ ဝေလင်းထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကို က ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ကယားပြည်နယ်မှ အောင်ဖြိုးမင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော် က ကရင်ပြည်နယ်မှ စံလင်းကိုလည်းကောင်း၊ အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက တနင်္သာရီတိုင်းဒေသကြီးမှ သဇင်သန့်ကိုကိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင် က ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ အေးနှင်းဖြူက ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ကယားပြည်နယ်မှ ဒီးမြာကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ပင်း ၅၄ ကီလိုအောက် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ကချင်ပြည်နယ်မှ ထူးလင်းအောင်က ချင်းပြည်နယ်မှ ဉာဏ်လင်းထက်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူးကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရှမ်းပြည်နယ်မှ ငြိမ်းကိုကို ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက မန္တလေးတိုင်းဒေသကြီးမှ အိသဇင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ရှမ်းပြည်နယ်မှ အေးနှင်းဖြူကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ချင်းပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ -တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ - နှစ်ပွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး- ဂိုးမရှိ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး - တစ်ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး - နှစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ် အသင်းကို ခြောက်ဂိုး- နှစ်ဂိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၂၄ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အသင်းကတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်း ကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနအသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ -တစ်ပွဲ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သမ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

### အဆင့်လိုက်ရပ်တည်မှု

ပဉ္စမအကြိမ်အမျိုးသားအားကစား ပွဲတော်တွင် ယနေ့အချိန်ထိ အဆင့်လိုက် ရပ်တည်မှုအနေဖြင့် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများတွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရွှေ နှစ်ခု၊ ငွေတစ်ခုဖြင့် အဆင့်(၁) နေရာ တွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနက ရွှေနှစ်ခု၊ ကြေးတစ်ခုဖြင့် အဆင့် (၂)နေရာတွင်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေနှစ်ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၂၆ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၁ ခု ဖြင့် အဆင့်(၁) နေရာ တွင်လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေ ၁၃ ခု၊ ငွေ ၁၄ ခု၊ ကြေး ၂၂ ခု ဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေခြောက်ခု၊ ကြေး ၁၀ ခု ဖြင့် အဆင့်(၃)နေရာတွင် လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲ များသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်း သား ကျောင်းသူများနှင့် အားကစား ဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြ သည်။

သတင်းစဉ်



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ဗိုဗီနမ်ပြိုင်ပွဲတွင် ကစားသမားနှစ်ဦး ယှဉ်ပြိုင်ထိုးသတ်စဉ်။

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ အိန္ဒိယနိုင်ငံ ဘူမိဗေဒနှင့် ဓာတ်သတ္တု လေ့လာရေးအဖွဲ့ တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းသို့ အိန္ဒိယသမ္မတနိုင်ငံမှ ဘူမိဗေဒနှင့်ဓာတ်သတ္တုလေ့လာရေးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr.MN Praveen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဧည့်ခန်းမတွင် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိန္ဒိယနိုင်ငံဘူမိဗေဒနှင့် ဓာတ်သတ္တုလေ့လာရေးအဖွဲ့နှင့် နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် သတ္တုကဏ္ဍဆိုင်ရာများဆွေးနွေးကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ

## ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနတွင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၂**

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံတွင် ဒီဇင်ဘာ ၆ရက် နံနက် ၁၀နာရီက ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနတွင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)နှင့် ဒုတိယကျောင်းအုပ်ကြီး(စီမံ)တို့က ဝန်ထမ်းရေးရာများနှင့် ဌာနတွင်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနအလိုက် ဝန်ထမ်းများ၏ တင်ပြချက်များအား ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဆယ်ကျော်သက်ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပ

**သရက် ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဆယ်ကျော်သက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ယနေ့မွန်းလွဲ ၃ နာရီက ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ(၁၅၀) ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင့်ပိုင်သူက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းဦးက လူကုန်ကူးမှုနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ ရှောင်ရန်၊ ဆောင်ရန်များနှင့် ဥပဒေပုဒ်မများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ခရိုင်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ခင်ဌေးလှိုင်က ဆယ်ကျော်သက်ကျန်းမာရေးအသိပညာပေး အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းများ ကျင်းပ

**လယ်ဝေး ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သဲကောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အ·ထ·က(သဲကောကြီး) Grade-9 မှ မယမုံဖူးက ‘လူငယ်နှင့်စာရိတ္တ’၊ မမိုးမြင့်သီဂီကျော်က ‘လူငယ်နှင့်ရည်မှန်းချက်’၊ မမြသန္တာကျော်က ‘လူငယ်နှင့် စာဖတ်ခြင်း’၊ မောင်သော်တာမင်းက ‘လူငယ်နှင့်ကျန်းမာရေး’ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

အလားတူ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ပညာ့အလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပရာ Grade-12 မှ မောင်ခန့်မျိုးအောင်၊ မောင်ချမ်းမြေ့အောင်၊ မသီရိကျော်ဝင်း၊ မပန်းနွေဝတ်မှုန်တို့က ‘လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး’၊ ‘လူငယ်နှင့်စာဖတ်ခြင်း’၊ ‘လူငယ်နှင့်ကျန်းမာရေး’၊ ‘လူငယ်နှင့် ရည်မှန်းချက်’ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## တောင်သာမြို့နယ်ကို လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး လူနေအိမ် ၁၂ လုံးပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ မိုးနှောင်းခင်းကျေးရွာကို ဒီဇင်ဘာ ၁၀ ရက်တွင် လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး လူနေအဆောက်အအုံ ၁၂ လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တောင်သာမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ/ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

○ စာမျက်နှာ ၂၄ မှ

အိမ်ရှင်အဖြစ် စပိန်၊ ပေါ်တူဂီနှင့် မော်ရိုကိုတို့အား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)သည် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆော်ဒီအာရေဗျနိုင်ငံသည် ဇွန်၊ ဇူလိုင်လတို့တွင် အပူချိန်မြင့်မားလွန်းခြင်းကြောင့် ဆောင်းရာသီသို့ ပြောင်းရွှေ့ကျင်းပသွားဖွယ်ရှိကြောင်းလည်း သိရသည်။

**(NGB)**

■ စာမျက်နှာ ၂၄ မှ

သာ ကျှုံးနိမ့်ခဲ့ရသည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) တတိယပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၁၈ရက် မြန်မာစံတော်ချိန်ညနေ ၅နာရီတွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(NGB)**

## ရွှေဘိုထောင်တွင် အကျဉ်းသားများ ဧည့်တွေ့ခွင့်မရဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရွှေဘိုထောင်တွင် အကျဉ်းသားများ ဧည့်တွေ့ခွင့်အတွက် အကျဉ်းဦးစီးဌာနက နာရီဝက်လျှင် ငွေကျပ်သုံးသိန်းနှုန်း တောင်းယူနေပြီး နိုင်ငံရေးအကျဉ်းသားများအားလုံးမိသားစုနှင့် ဧည့်တွေ့ခွင့်မရဟု Khit Thit Media အမည်ခံ Facebook Page က ဒီဇင်ဘာ ၃ ရက်တွင် မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ရွှေဘိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာ ရှိပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ထောင်ဝင်စာဧည့်တွေ့ခွင့်ကို တစ်လလျှင် တစ်ကြိမ်၊ ပါဆယ်ပစ္စည်းများ ပေးသွင်းခြင်းကို နှစ်ပတ်လျှင်တစ်ကြိမ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးအကြောင်းပြ၍ အကျဉ်းသားများနှင့် မိသားစုဝင်များကို ဧည့်တွေ့ခွင့်ပိတ်ထားသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း။

ထောင်ဝင်စာဧည့်တွေ့မှုအနေဖြင့် အောက်တိုဘာလအတွင်း အကျဉ်းသား အကျဉ်းသူ ၆၀၊ နိုဝင်ဘာလအတွင်း အကျဉ်းသား အကျဉ်းသူ ၁၂ ဦးတို့ကို မိသားစုဝင်များက လာရောက်တွေ့ဆုံမှုရှိပြီး ဝန်ထမ်းများသည် ထောင်ဝင်စာဧည့်တွေ့ခွင့်အတွက် ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်းမရှိသကဲ့သို့ မည်သည့်အကျဉ်းသား အကျဉ်းသူကိုမဆို ခွဲခြား ဆက်ဆံမှုလည်းမရှိကြောင်း သိရသည်။

ထို့ကြောင့် ရွှေဘိုအကျဉ်းထောင်ရှိအကျဉ်းသား အကျဉ်းသူများ၏ မိသားစုဝင်တစ်ဦးဦးမှ ထောင်ဝင်စာဧည့်တွေ့ဖြစ်စေ၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်ဖြစ်စေ ဆောင်ရွက်ခွင့်မရပါက တိကျစွာ တိုင်တန်းတင်ပြနိုင်ပြီး စစ်ဆေးဖော်ထုတ်ပေးမည်ဖြစ်ကာ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိပါကလည်း အရေးယူသွားမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page၏ ဖော်ပြချက်သည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

**သစ္စာ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျောင်းဆင်းအရာရှိများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် ဂုဏ်ပြု စစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအား စပိန်၊ ပေါ်တူဂီနှင့် မော်ရိုကို၊ ၂၀၃၄ ကမ္ဘာ့ဖလား ပြိုင်ပွဲအား ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပသွားမည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)သည် ၂၀၃၀ ကမ္ဘာ့ဖလား ပြိုင်ပွဲအား အိမ်ရှင်အဖြစ် စပိန်၊ ပေါ်တူဂီနှင့် မော်ရိုကိုတို့အား ပူးတွဲအိမ်ရှင်များအဖြစ် ရွေးချယ်လိုက်ပြီး၊ ၂၀၃၄ ကမ္ဘာ့ဖလား ပြိုင်ပွဲအား အိမ်ရှင်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ပွဲစဉ်သုံးပွဲကို အာဂျင်တီးနား၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့မှာ ကစားသွားမည် ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)သည် နှစ် ၁၀၀ ပြည့် အိမ်ရှင်အဖြစ် အာဂျင်တီးနား၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့အား ရွေးချယ်ခဲ့ပြီး၊ ၂၀၃၀ ကမ္ဘာ့ဖလား

စာမျက်နှာ ၁၈ သို့ ❍

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၅မိနစ်တွင် မောင်မောင်လွင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမ အဖွင့်ပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းအား ရှုံးနိမ့်ထားသလို၊ ယခု ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင်လည်း သရေရလဒ်ဖြင့်

စာမျက်နှာ ၁၈ သို့ ■

## မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

